
ဝန်ဂင်း
Read on the move
သျှင်မ
တိမ် မင်း သ မီး ရဲ့ ဒ ဏ္ဍာ ရီ

# အခန်း (၁)

"မေမြတ်ထန်"

ဒုတိယအကြိမ် ထပ်ရွတ်ကြည့်သည်။

"မေမြတ်ထန်ဆိုတာ ဘယ်သူလဲ"

နှုတ်မှ ဖွဖွလေး ကြိမ်ဖန်များ စွာ ရွတ်ခေါ်ကြည့်ရင်း အသိစိတ်ထဲမှ ရေးတေးတေးပေါ် လာသလိုလို...။

"ဟုတ်တာပေါ့၊ မေမြတ်ထန် ဆိုတာ ကျွန်မအစ်မပဲ"

"ဟာ... ဟုတ်ပြီ"

အဖြေတစ်ခုရလိုက်သည် နှင့် တစ်ဖက်က ဝမ်းသာအားရသံက လှိုက်လှိုက်လှဲလှဲ။

အောင်သပြေက သစ်ရိပ်စံ ဆိုသော မိန်းကလေးနားကို ပို၍ တိုးကပ်၍ ပြတင်းဝမှာ နှစ်ယောက်ယှဉ်ရပ်လိုက်သည်။

"ဟိုး... ခြံထဲမှာ မြင်နေရတဲ့ အုတ်ဂူလေးနှစ်ခုကိုရော မသစ်ရိပ်စံ သိလားဟင်၊ အဲဒါဘယ်သူတွေလဲ၊ သူတို့ အကြောင်းတွေရော မှတ်မိလား"

ထူကဲကော့ညွတ်သည့်မျက်တောင်တို့ တဖျပ်ဖျပ်ခတ်လျက် ရီဝေသောမျက်နက်ဝန်းလေးတွေ က တစ်နေရာကို ငေးမောနေမြဲရှိသည် မှလွဲ၍ မိန်းလှလေး နှုတ်ဆိတ်နေသည်။

ဒါကိုအကဲခတ်၍ အောင်သပြေက အားတက်သရော...

"လူတွေကပြောတယ် သိလား၊ အဲဒီအုတ်ဂူထဲက နှစ်ယောက်က..."

သူ့စကားမဆုံးမီ သစ်ရိပ်စံက ဖျတ်ခနဲ လှည့်ကြည့်၏။

"ရှင့် ဒီမေးခွန်းတွေကို ဘာဖြစ်လို့ ခဏခဏမေးနေတာလဲ၊ ဘာဖြစ်လို့ မောင်နဲ့ မာမီတို့ အားလုံးမရှိမှ မေးရတာလဲ၊ ရှင်မေးသမျှ ကျွန်မ ဘာမှ မဖြေနိုင်တာကရော..."

မျက်နက်ဝန်းတွေမှာ ပြောနေရင်း မျက်ရည်စလေးတွေဝေ့လာ၏။

"ဘာဖြစ်လို့ လဲ"

သူမ အကြည့်တွေ အုတ်ဂူလေးနှစ်ခုဆီ ပြန်ရောက်သွားသည် ။

"ကျွန်မ မသိဘူး၊ မေမြတ်ထန် ဆိုတာ ကျွန်မအစ်မ...ဒါပဲ၊ ကျွန်မ ဘာမှ မသိတော့ဘူး၊ သူတို့ တွေ မရှိတော့ဘူး၊ ဘာဖြစ်လို့ လဲဆိုတာ ရှင်သိချင်ပေမယ့် ကျွန်မမှ မသိတာ..."

ဒီလူ ဘယ်သူလဲ၊ မေမြတ်ထန် ဆိုတဲ့ မိန်းမအကြောင်း ဘာဖြစ်လို့ မရမက လိုက်မေးနေရတာလဲ။

"ခြံထဲကိုလှမ်းကြည့်ချင်ရင် ဒီနေရာလေးကိုလာရပ်ရင် မြင်ရတာပဲကွာ၊ အလယ်ဝရန်တာကို မသွားနဲ့ နော်၊ မောင့်ကိုချစ်ရင် မောင့်စကားကိုနားထောင်..."

အခု သစ်ရိပ်စံ မတ်တတ်ရပ်နေတဲ့ နေရာက မောင် လုံးဝတားမြစ်ထားတဲ့ အလယ်ဝရန်တာနဲ့ ကပ်လျက် မာမီ့စာကြည့်ခန်း...။

"ဟိုးက အုတ်ဂူလေးတွေက ဘယ်သူ့ဂူတွေလဲ မာမီ"

မာမီ့ဘေးနားမှာ စကားထိုင်ပြောနေရင်း အဲဒီလို အမှတ်တမဲ့မေးမိ

တာနှင့် မာမီကိုယ်တိုင်လည်း စာကြည့်ခန်းထဲမဝင်တော့သလို ဝရန်တာ တံခါးကအစ အားလုံး ပိတ်ပစ်ခဲ့ဖူးသည် ။

ကိုးနှစ်နီးပါးကြာခဲ့ပြီးမှ ဒီအုတ်ဂူတွေအကြောင်းမေးတာ မောင် မကြိုက်မှန်းသိ၍ သစ်ရိပ် ကလည်း မမေးခဲ့တော့မှ သွားခွင့်လာခွင့် ရခဲ့ တာ ဘာကြာသေးလို့ လဲ။

အိမ်မှာ သစ်ရိပ်ဆီ ဘယ်ဧည့်သည် မှ လည်း မလာ၊ လာသမျှလူတွေ က ရယ်ပြုံးဆက်ဆံ ကြတာလည်း သစ်ရိပ် ဘယ်သူ့မှ မသိ။ မောင်နဲ့ မာ မီက သစ်ရိပ်နားမှာ အမြဲရှိနေတတ်ပေမယ့် ဘယ်ဧည့်သည် နဲ့ မှ မိတ် ဆက်ပေးတာမျိုးမရှိခဲ့သလို လွတ်လပ်စွာ စကားပြောစေခဲ့တာမျိုးလည်း ရှားပါးလှသည် ။

ကိုယ်ဟာ သစ်ရိပ်စံ ဆိုတာ မောင်တို့ ပြောလို့ မှတ်ထားလိုက်ရသ ည် မှ လွဲ၍ ဘာမှ မသိခဲ့သော ကိုယ့်အကြောင်းတွေကို လူတွေထဲက တ စ်ယောက်ယောက်ကို မေးကြည့်ချင်သည့် ဆန္ဒတွေကြောင့် မောင်တို့ သိ ပ်ချစ်ကြတာ သိနေသည့်ကြားမှ ပင် ချုပ်ချယ်မှုတစ်ခုလို မကျေမနပ် ဖြ စ်ခဲ့ရသည် ။

အခု အောင်သပြေ ဆိုသောလူနှင့် စကားပြောတာကိုပင် မောင်က မကြိုက်။ ဒါပေမဲ့ စကားပြောဖော်မဲ့နေခဲ့သည့် သစ်ရိပ်ဘဝမှာ သစ်ရိပ် စိတ်ဝင်စားသောအကြောင်းလေးတွေ အစဖော်လျက် စကားပြောပေးသ ည့် အောင်သပြေကို သစ်ရိပ် ခင်ပါသည် ။

အောင်သပြေက ဧည့်သည် အဖြစ် ဒီအိမ်ကို စရောက်လာကတည်း က သစ်ရိပ် အပေါ်မှာ ရင်းနှီးဖော်ရွေသည် ။ ဒါပေမဲ့ သူ ဘာပဲပြောပြော မေမြတ်ထန်ဆိုသည့် မိန်းမအကြောင်းကိုပဲ ရောက်ရောက်လာတတ်သ ည် ။ ပြီးတော့ မောင်နဲ့ အိမ်သားတွေမရှိမှ တတွတ်တွတ် တဖွဖွကပ်မေး

နေတာမျိုး။

သစ်ရိပ် သူမေးသမျှ ဘာမှ မဖြေနိုင်ပါ။

“ဒီလိုရှိပါတယ် မသစ်ရိပ်စံရယ်၊ ခြံထဲမှာ အုတ်ဂူလေးနှစ်လုံးရဲ့ သမိုင်းက တော်တော်လေးရှုပ်ထွေးပြီး အရမ်းကို စိတ်ဝင်စားစရာကောင်းခဲ့တာ မသစ်ရိပ်စံမေ့နေလို့ ပါ၊ လွန်ခဲ့တဲ့ ကိုးနှစ် ဆယ်နှစ်နီးပါးက မေမြတ်ထန်ဆိုတဲ့ ကမ္ဘာကျော်မိန်းမတစ်ယောက် အကြောင်းထဲမှာ သူ့ညီမအရင်းဖြစ်တဲ့ မသစ်ရိပ်စံကိုယ်တိုင် ပါခဲ့တာပါ”

ကမ္ဘာကျော်မိန်းမတဲ့ လား…။ မေမြတ်ထန်…။ သူက ဘယ်လိုမိန်းမျိုးလဲ။

“နည်းနည်းလောက် စဉ်းစားကြည့်ပါဦး၊ သူ ဘယ်လိုသေဆုံးသွားခဲ့တယ်၊ ဘာကြောင့် ဒီအကြောင်းတွေကို ဖုံးကွယ်မြုပ်နှံပစ်ကြတာလဲ”

“ဖုံးကွယ်မြှုပ်နှံတယ်”

သစ်ရိပ်စံ သံယောင်လေးလိုက်ဆိုသည် ။

“မေမြတ်ထန် ဘာကြောင့် သေဆုံးခဲ့တာလဲ”

“ဘာကြောင့် သေဆုံးခဲ့တာလဲ”

အရိပ်လိုလို ပန်းချီကားလိုလို ပုံရိပ်များ စွာ မထင်ရှားသော မျက်နှာများ စွာ သေချာစူးစိုက်ကြည့်လိုက်တော့ ဘာမှ မရှိ။

ရိပ်ခနဲ ဖျတ်ခနဲ မြင်လိုက်သလိုဖြစ်သွားသည့်တိုင် ဘာကိုမှ မသိလိုက်။ ဆံစပ်နှင့်လည်တိုင် တို့ မှာ ချွေးစလေးတွေ စိုစွတ်လာသည် ။

ခေါင်းထဲမှာ ရီဝေဝေမူးနောက်နောက်နှင့် အာရုံက ဝေဝါးလာ၏။

“တော်ပါတော့ရှင်၊ ကျွန်မ… ကျွန်မ နားပါရစေတော့…”

"နေပါဦး မသစ်ရိပ်စံ၊ ကျွန်တော် သိချင်တာလေး တစ်ခုတော့ ကြိုးစားပြီး ဖြေကြည့်ပါဦးဗျာ"

"အေး... သူက ဘာမှ မသိတော့ ဖြေနိုင်မှာ မဟုတ်ဘူး ၊ ငါဖြေမယ်၊ ရော့..."

"ခွပ်..."

"ခွပ်..."

မေးရိုးနှင့်လက်သီး ထိတွေ့သံများ ၊ လဲပြိုသံများ ..။

အခန်းထဲမှာ ဝုန်းဒိုင်းကြဲသွားသည် ။

"ဟဲ့... သား...သား... မလုပ်နဲ့ ၊ တော်ပြီ...သားရယ်"

စားပွဲနှင့်ကုလားထိုင်ကြားမှာ ခွေခေါက်ပုံကျနေသည့် အောင်သပြေဆိုသော စာရေးဆရာ၏ အင်္ကျီရင်ဘတ်စကိုဆွဲ၍ လက်သီးနှင့်အားရပါးရထိုးချဖို့ ချိန်ရွယ်လိုက်ပြီးမှ ဝုန်းခနဲ ပြန်ပစ်ချကာ...

"တော်... ညှော်သည် က ညှော်သည် လိုမနေဘူး၊ သူများ အတွင်းရေးကို စပ်စပ်စုစု မေးစရာလား"

ယမ်း တက်တခေါက်ခေါက်နှင့် ဒေါသမပြေ။

"လေးလေး...လေးလေး..."

ဒေါသကြောင့် ခေါ်သံက တိုက်ကြီးတစ်ထပ်လုံး ပွင့်ထွက်သွားမလားထင်ရ၏။

"ဟေ..."

ရေချိုးထားစနှင့် တဘက်စောင်ကိုကိုင်လျက် တန်းလန်းလေးလေး ပြေးထွက်လာသည် ။ မြင်ကွင်းက မကောင်း။

အစ်မ ဖြစ်သူကို ပြန်ကြည့်တော့လည်း အပြစ်တင်သည့် မျက်လုံးတွေနှင့်...။

"ဒီမှာ ... လေးလေး ညှော်သည် လုပ်ပုံကို လေးလေး သိလား"

"ဘာ... ဘာဖြစ်လို့ .."

"ဘာဖြစ်ရမလဲ၊ သစ်ရိပ်... သစ်ရိပ်ကို ... ဒီကောင်..."

ဒေါသဖြစ်လွန်းတော့ စကားက လျှောလျှောရှုရှုမထွက်။ လဲကျနေသည့် အောင်သပြေ ကုန်းထလာသည် ။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"တိတ်စမ်း ဟေ့ကောင်၊ ဒါ တောင်းပန်လိုက်လို့ ကျေနပ်လိုက်ရမယ့် ကိစ္စ မဟုတ်ဘူး ကွ၊ အဲဒါ လေးလေးကြောင့်..."

ဦးလေးဖြစ်သူကို ယမ်း အပြစ်တင်မဆုံး...။

"ဒီကောင် စာရေးဆရာမှန်း သိကတည်းက ကျွန်တော် မသင်္ကာတာ၊ ခုတော့ ထင်တဲ့ အတိုင်းပဲ"

"ဟင်..."

လေးလေး သဘောပေါက်သွားသည် ။ မျက်နှာပျက်ပျက်နှင့် အစ်မဖြစ်သူကိုရော၊ ယမ်းကိုပါ တောင်းပန်ခယစွာကြည့်၏။ နောက်ဆုံး အောင်သပြေကိုကြည့်ကာ...

"မင်းကို ငါပြောထားသားနဲ့ ကိုအောင်ရယ်..."

မချိတင်ကဲသံနှင့် ပြစ်တင်၏။ အောင်သပြေက နှုတ်ခမ်းထောင့်မှ သွေးစတွေကို အိတ်ထဲကလက်ကိုင်ပဝါနှင့် ထုတ်သုတ်ရင်း...

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ကိုယမ်း၊ ကျွန်တော် စာရေးဆရာပီပီ စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို သိချင်စိတ်ပြင်းပြမိတာ မှန်ပါတယ်၊ ဒါပေမဲ့ ...."

"တော်ပြီ၊ မင်းရဲ့ ရလိုမှုတစ်ခုတည်းကြောင့် ဒီပြင်လူတွေ ဘယ်လောက် ဆုတ်ယုတ်နစ်နာကြသလဲ၊ မင်းသိရဲ့ လား၊ လူတွေ၊ အလကားလူတွေ၊ ကိုယ်နဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် သူများ အကြောင်း သိပ်စပ်စုကြတယ်၊ သွားကြ၊ ဘယ်သူမှ မနေနဲ့ ၊ လာလည်း မလာကြနဲ့ ၊ ဘာတွေမှန်းကို မသိဘူး"

ရှေ့က လဲနေပြီးသော ကုလားထိုင်ကို နံရံဆီ လွှော့ခနဲ ပြေးဆောင့်သွားသည် အထိ ဒိုင်းခနဲ ကန်ပစ်သည် ။

ကြောင်ငေးငေးလေးရပ်နေသည့် သစ်ရိပ်စံဆီ ခြေလှမ်းကျဲကြီးများနှင့် လျှောက်သွားလျက် ပခုံးသားလေးကို ဖွဖွလေးဖက်၏။

မြတ်နိုးနှစ်သက် သနားကြင်နာလွန်းရပါသော မိန်းကလေး။

ကြည့်စမ်းပါဦး... မျက်နှာနုနုမှာ ချွေးစေးတို့ စိုစွတ်လို့ ...။

မာမီနဲ့ သူ အပြင်ကို ခဏလေးထွက်လိုက်တာ၊ ပြန်လာသည် နှင့် အောင်သပြေ တစ်ယောက် သစ်ရိပ်ကို မေးခွန်းတွေ မရမကမေးနေတာ မြင်လိုက်ကြားလိုက်ရသည် ။

ဒေါသက ငယ်ထိပ်ထိ တက်ဆောင့်သွားသည် ။

လူတွေ ငမ်းငမ်းတက်သိချင်ကြပါလျက် ဘယ်သူမှ သိခွင့်မရလိုက်အောင် ကာလများ စွာ ပြည်ဖုံးကားချထားခဲ့ပါလျက်...။

ဒီနေ့ နာမည်ကြီးစ စာရေးဆရာတစ်ဦးက ကုန်ကြမ်းလာရှာခဲ့သည် ။ သစ်ရိပ်စံ ဆိုသော မိန်းကလေး၏ ဘဝ အသိုက်အဝန်းအကြောင်းက

ဘယ်လိုမှ ချုပြရက်စရာမရှိ။

ဤမျှ ဆိုးဝါးပြင်းထန်သော အဖြစ်ကြောင့်လည်း သူမ အတိတ်မေ့ဝေဒနာသည် လေး ဖြစ်ခဲ့ရှာသည် ။

ရှိပါစေတော့...။

အတိတ်မေ့ဝေဒနာသည် လေးအဖြစ် မကြည့်ရက်ပေမယ့် ကြည့်နေခဲ့သည် ။ ကုသလို့ ပျောက်နိုင်ပါလျက် မကုဘဲနေခဲ့၏။

အဲဒါ သူလေးကို မြတ်နိုင်းလွန်း၍ ပါ။

အတိတ်ကို ပြန်သတိရတော့ရော... ကျေနပ်ကြည်နူးဖွယ်တွေ ရှိလာမှာ မဟုတ်သည့်အတူတူ ကိုယ့်ရင်ခွင်မှာ တယုတယ ထွေးပွေ့၍ ဘာကိုမှ ပေးမသိစေတော့ဘဲ တစ်သက်လုံး ချစ်သွားတော့မည်။

ခုတော့ အတိတ်ကို မေ့နေစေလိုကာမှ ပြန်လည်တူးဆွဖို့ သူတို့ ကြိုးစားလာကြပြီ။

ယမ်း စိတ်တွေ လေးလံထိုင်းမှိုင်းလျက် ဒေါသတွေပဲ ကျန်ရစ်၏။ လျှို့ဝှက်ချက်ဆိုတာ ဘယ်အချိန်ကာလအထိ ရှိနိုင်မှာ လဲ။

သက်ထက်ဆုံးအထိ ချစ်သူကို ရင်ခွင်ထဲမှာ ဝှက်ထားပြီး အတိတ်ကို ကျော်ခိုင်းနေလို့ ရမည်ဆိုလျှင်..... ..... .....။

*